# ဖိုကိုလာရေလှုပ်ရှားမှု

## အသက်ပေးသည့် နှုတ်တော်ထွက်စကား

အောက်တိုဘာလ ၂၀၁၆

**သင်နှင့်နီးစပ်သောသူ၏အမှားကို သင်ကခွင့်လွှတ်လျှင် သင်ဆုတောင်းသောအခါ သင်၏အပြစ်များကိုလည်း ဘုရားသခင်က ခွင့်လွှတ်လိမ့်မည်။ (နီတိဒေသနာကျမ်း ၂၈း၂))**

ကျွန်ုပ်တို့နေထိုင်နေသည့်နေရာမျိုးမှအစ ဆိုးသွမ်းတိုက်ခိုက်မှုများနှင့်ပြည့်နှက်လျက်ရှိသော လူမှုအသိုင်းအဝိုင်းအတွင်းဝယ် ခွင့်လွှတ်ခြင်းဆိုသည်ကား ရင်ဆိုင်ရန်အတော်ပင် ခက်ခဲသောအရာဖြစ်သည်။ မိမိ၏မိသားစုကို ပျက်စီးအောင်ပြုခဲ့သောသူ၊ ပြောစရာစကားလုံးပင်မရှိလောက်အောင် ရာဇဝတ်မှုကြီးမျိုးကို ကျူးလွန်သူ သို့မဟုတ် အရှင်းဆုံးပြောရလျှင် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် မိမိအားပြင်းပြင်း ထန်ထန် ထိခိုက်နာကျင်စေသူ၊ မိမိ၏လုပ်ငန်းကိုပျက်ပြားစေသူ သို့မဟုတ် မိမိ၏ယုံကြည်မှုကို အလွဲသုံးစား ပြုသွားသူ တစ်စုံတစ်ယောက်အား အဘယ်သို့ ခွင့်လွှတ်နိုင်မည်နည်း။

ပထမဆုံး မသိစိတ်၏တုန့်ပြန်ချက်မှာ မိမိ၏ပိုင်ဆိုင်မှုကို ပြန်လည်ရယူလိုခြင်း၊ အဆိုးကို အဆိုးအားဖြင့်တုန့်ပြန်ခြင်း၊ မဆုံးနိုင်သောအမုန်းတရားနှင့် ဒေါသကို ဖြစ်နေခြင်းအပြင် လူမှုအသိုင်းအဝိုင်းအတွင်းဝယ် ယုတ်ရင်းရိုင်းစိုင်းသောအယူဝါဒ တိုးပွားလာစေခြင်းတို့ပင်ဖြစ်သည်။ သို့တည်းမဟုတ် ဆက်ဆံရေးများပျက်ပြားခြင်းကိုလည်းကောင်း၊ မလိုမုန်းတီးစိတ်ထားများ ပွားများစေခြင်းကိုလည်းကောင်း၊ ခါးသီးသောဘဝနှင့် ဆက်ဆံရေးများကို အဆိပ်အတောက်ဖြစ်စေသော စိတ်နေသဘောထားများကိုလည်းကောင်း ဖြစ်လာစေပါသည်။

ဘုရားသခင်၏နှုတ်တော်ထွက်စကားက အမျိုးမျိုးသောပဋိပက္ခအခြေအနေများနှင့် တောင်းဆိုတင်ပြချက်များအလယ်တွင် ညှိနှိုင်းယူစရာမလိုဘဲ ခွင့်လွှတ်ခြင်းတည်းဟူသော အခက်အခဲဆုံးနှင့် ရဲရင့်ဆုံးသော အဖြေရှာမှုအဖြစ် အရှိန်အဟုန်ဖြင့် ပေါ်ထွက်လာပါသည်။

ထိုစဉ်ကဖိတ်ခေါ်ကမ်းလှမ်းချက်မှာ ရှေးခေတ်ကာလအစ္စရေးလ်လူမျိုးပညာရှိထံမှ လာပါသည်။ ဘင်ဆီရပ်ခ် ဆိုသူက ဘုရားသခင်၏ခွင့်လွှတ်ဖို့တောင်းဆိုမှုမှာ အကယ်၍သင်သည် မည်သို့ခွင့်လွှတ်ရမည်ကို မသိခဲ့လျှင် အဘယ်မျှလောက်ဖြစ်နိုင်ခြေမရှိသောအရာဖြစ်ကြောင်း ဖော်ပြပါသည်။ ထို့ပြင် ရှေးဟောင်းဂျူး ထုံးတမ်းစဉ်လာ အရေးအသား၌ “ ဘုရားသခင်သည် မည်သူအား အပြစ်ခွင့်လွှတ်ပါသနည်း”၊ တစ်ပါးသူ၏

ပြစ်မှားပြုမူခြင်းများအတွက်ခွင့်လွှတ်သော မည်သူ့ကိုမဆိုဖြစ်သည်။" ဟုဖတ်ရှုရသည်။ အဖခမည်းတော်ဘုရား ထံဆုတောင်းပဌနာတော်၌ 'အဖ . . ကျွန်ုပ် တို့ကိုထိခိုက်ကျူးလွန်သောသူတို့အား ကျွန်ုပ်တို့အခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ။' ဟု သခင်ယေရှုးကိုယ်တော်တိုင် စီရင်သင်ကြားတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည်လည်း အမှားပြုမိတတ်ကြပြီး ထိုသို့ပြုမိတိုင်းလည်း ခွင့်လွှတ်ခြင်းကို ခံယူလိုကြသည်။ ကျွန်ုပ်တို့အနေဖြင့် နှိမ့်ချခြင်းနှင့် မျှော်လင့်ခြင်းတို့ဖြင့် တောင်းပန်ခြင်းပြုလျှင် အသစ်တစ်ဖန် အစပြုနိုင်ရန် အခွင့်အရေးကို နောက်တစ်ကြိမ်ရရှိလိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အပေါ်ယုံကြည်မှု တစ်ဖန်ပြန်လည် ရရှိပေမည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤသို့အခွင့်ကို ရသည်ဆိုပါလျှင် အခြားသူများရော မရသင့်ဘူးလား။ ကျွန်ုပ်တို့သည်လည်း ကိုယ်နှင့်နီးစပ်သူများကို ကိုယ်နှင့်အမျှ ချစ်ရန်မသင့်ပေဘူးလား။

ကယားရာလူးဘစ်က နှုတ်တော်ထွက်စကားအပေါ် ကျွန်ုပ်တို့နားလည်ခွန်အားယူနိုင်ဖို့အတွက် ခွင့်လွှတ်ခြင်းနှင့်ပတ်သက်ပြီး ယခုကဲ့သို့ဖိတ်ခေါ်ချက်ကို ပြုခဲ့ပါသည်။ "ယင်းကားမေ့ပျောက်နိုင်စွမ်းခြင်း မဟုတ်၊ ဆိုလိုသည်မှာ မျက်နှာတွင်ပေါ်လွင်သည့်အတိုင်း ရှုမြင်နေခြင်းမဟုတ်၊ ခွင့်လွှတ်ခြင်းဆိုသည်မှာ အားနည်းချက်မဟုတ်၊ အမှားပြုသူ၏ အားကြီးချက်အပေါ် ကြောက်ရွံ့ပြီး အရှုံးပေးခြင်းမဟုတ်၊ ခွင့်လွှတ်ခြင်း ဟူသည် အရေးမကြီးသည့်ကိစ္စရပ်တစ်ခုအကြောင်းပြောနေခြင်းမဟုတ်၊ သို့မဟုတ် မကောင်းမှုတစ်ခုကို ကောင်းပါသည်ဟု ဆိုနေခြင်းမဟုတ်ပေ။ ခွင့်လွှတ်ခြင်းသည် အလေးမထားခြင်းမဟုတ်၊ စိတ်ဆန္ဒအတိုင်း ပြုမူခြင်းနှင့် အတွေးကို ကြည်လင်စေခြင်းဖြစ်သဖြင့်လွှတ်လပ်မှုကိုဖြစ်စေသည်။ ယင်းကား ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်သားများ၊ အားနည်းချက်များရှိသည့်တိုင် လက်ခံသည့်နည်းတူ ညီအစ်ကိုမောင်နှမများကိုလည်း အမှားပြုခဲ့သည့်တိုင် အရှိကိုအရှိအတိုင်း လက်ခံခြင်းအကြောင်းတည်း။ ခွင့်လွှတ်ခြင်းဟူသည် စော်ကားပြုမူခြင်းကို အလားတူတုန့်ပြန်ဖို့မဟုတ်ဘဲ ရှင်ပေါလူး "မကောင်းမှုသည်သင်တို့ကို အနိုင်မယူစေနှင့်။ ကောင်းကျိုးကိုပြုခြင်းအားဖြင့် မကောင်းမှုကိုအနိုင်ယူကြလော့။" (ရောမ ၁၂း၂၁) ဟုဆိုထားပါသည်။

ခွင့်လွှတ်ခြင်းဆိုသည်မှာ အမှားကျူးလွန်မိသူတိုင်းကို မိမိနှင့်ဆက်ဆံရေးအသစ်တစ်ဖန်အစပြုနိုင်ဖို့ လမ်းစဖွင့်ပေးခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ သင်တို့နှစ်ဦးအဖို့ ဘဝသစ်ကိုအစပြုဖို့ရန် ဖြစ်နိုင်ခြေကိုပေးပြီး အနာဂတ်တွင် မကောင်းမှုအတွက် ပြောစရာစကား ရှိတော့မည်မဟုတ်ပေ။

အသက်ပေးသည့်နှုတ်တော်ထွက်စကားက အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို တွန်းလှန်နိုင်ဖို့ အထောက်အကူပေးလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့အား ပုံမှန်အခြေအနေသို့ ချက်ချင်းပြန်လည်ရရှိစေပါလိမ့်မည်။ ယင်းက ကျွန်ုပ်တို့၏ 'ရန်သူ' မည်သူ့ကိုမဆို အမြင်သစ်၌ ညီအစ်ကိုမောင်နှမများအဖြစ်အသိအမှတ်ပြုနေစေပါလိမ့်မည်။ သူတို့သည် မည်မျှလောက်ဆိုးနေပါစေ၊ သူတို့အားချစ်သောသူ၊ သူတို့အားပြောင်းလဲအောင်ကူညီမည့်သူ တစ်စုံတစ်ယောက်လိုအပ်ပါသည်။ ဤသည်ကား ကျွန်ုပ်တို့၏ "ချစ်ခြင်းမေတ္တာသွေးကြွေးဆပ်ခြင်း" ဖြစ်ရမည်။

ကယားရာက ဆက်လက်ပြီး ရှင်းပြသည်မှာ – "သင်တို့က မဖြစ်နိုင်ဘူးဟု ပြောလိမ့်မည်။" နားလည်ပေးနိုင်ပါသည်။ သို့သော် ဤနေရာတွင် ခရစ်ယာန်အသက်တာ၏ အလှတရားရှိပါသည်။ သင်တို့သည် လက်ဝါးကပ်တိုင်ထက်ဝယ် အသေခံတော်မူသောဘုရား၊ သူ့အားသတ်မည့်သူများကို ခွင့်လွှတ်ပါရန် အဖခမည်းတော်ဘုရားထံ တောင်းခံသောသခင်၏နောက်တော်သို့ အလကားလိုက်လျှောက်နေသည်မဟုတ်ပါ။

သတ္တိရှိပါ။ အသက်တာသစ်ကို ယခုပင်စတင်လိုက်ပါ။ ယခုချိန်ထိတိုင် သင်တစ်ခါမျှ အမြည်းစမ်းဘူးသေးသော ငြိမ်သက်ခြင်းအရသာနှင့် အံ့ဩဘွယ်ရာ ကြီးမားလှသည့်ဝမ်းမြောက်ခြင်းသစ်ကို ရရှိခံစားရမည်ဖြစ်ကြောင်း ကျွန်ုပ်အသေအချာပြောနိုင်ပါသည်။

*Fabio Ciardi*

*************************************************************

ခွင့်လွှတ်ခြင်း

ကျွန်မညီမဟာ သူ့သူငယ်ချင်းတစ်ယောက်နဲ့မသင့်မမြတ်ဖြစ်တာ လနဲ့ချီရှိနေပါပြီ။

ဒါကိုပြေလည်သွားအောင်လို့ဆိုပြီး ကျွန်မက သူ့ကို အိမ်ကိုဖိတ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ သူမရောက်ခင်မှာ ၅ နှစ်အရွယ်မြေးမလေးကို ဇာတ်လမ်းစုံပြောပြပြီး အကူအညီပေးဖို့ တောင်းခံခဲ့ပါတယ်။

ကျွန်မလည်း ညီမကို ဖြောင်းဖြပြောခဲ့ပေမယ့် ဘာမှအကြောင်းမထူးပါဘူး။ သူ့သူငယ်ချင်းကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်ကြောင်းနဲ့ ဒီအကြောင်းကို ပြောဖို့ငြင်းဆန်ခဲ့ပါတယ်။ သူအပြင်ထွက်လာတဲ့အခါ မြေးမလေးနဲ့ တွေ့ပါတယ်။ သူက ကျောင်းမှာ စာရေးစာဖတ် ဘာတွေတတ်ပြီလဲဆိုပြီး မေးပါတယ်။ ဒီအခါမှာ ကလေးမလေးက သမီးကိုစာရွက်တစ်ရွက်ပေးရင် သမီးရေးပြမယ်ဆိုပြီးပြောပါတယ်။ သူလည်း ကလေးကို စာရွက်လွတ် တစ်ရွက်ပေးလိုက်တဲ့အခါမှာ ကလေးက "အချင်းချင်းချစ်ပါ၊ မိမိမှအစပြုချစ်ပါ၊ မိမိတို့၏ရန်သူ ကိုပင်ချစ်ပါ၊ စသည်ဖြင့်" ချစ်ခြင်းမေတ္တာအံစာတုံးပေါ်က အချက်တွေကို ရေးချပြပါတယ်။

ကျွန်မညီမဟာ အဲဒီစာသားတွေကိုဖတ်လိုက်ရတဲ့အခါမှာ သူ့မျက်ဝန်းမှာမျက်ရည်စများနဲ့ ပြည့်လို့လာပါတော့တယ်။ "အချိန်ကြာမြင့်စွာကတည်းက ငါလုပ်သင့်ခဲ့တာကို ဒီကလေးကတစ်ဆင့်ပြောလိုက်တာပဲ" လို့ သူမြည်တမ်းလိုက်ပါတယ်။ သူလည်း သူ့သူငယ်ချင်းဆီသွားတွေ့ပြီးတော့ ခွင့်လွှတ်ဖို့တောင်းပန်ခဲ့ပါတော့ တယ်။

C.M.